# COVID-19 ဖြေရှင်းရေး

အပ်ဒိတ်များအတွက် ဤစာမျက်နှာကို မကြာခဏ ဝင်ကြည့်ပြီး ပြည်နယ်တစ်ခွင်ရှိ အေဂျင်စီများထံမှ နောက်ဆုံးရ အချက်အလက်များအတွက် coronavirus.wa.gov သို့ ဝင်ကြည့်ပါ (စပိန်၊ ရုရှား၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ပန်ဂျာဘီ၊ ဆိုမာလီ၊ ယူကရိန်း)။

# အများပြည်သူအတွက် UTC အဆောက်အဦကို ပိတ်ထားသည်

ထပ်မံ မကြေညာမချင်း UTC အဆောက်အဦကို အများပြည်သူအတွက် ပိတ်ထားပြီး UTC ဝန်ထမ်းအားလုံးက အိမ်ကနေ အလုပ်လုပ်နေပါသည်။

ကျွန်ုပ်တို့၏ ဝဘ်ဆိုက်တွင် ဝန်ဆောင်မှုများစွာ ရနိုင်ပြီး အကူအညီ တောင်းရန် သို့မဟုတ် မကျေနပ်ချက်ကို တိုင်ကြားရန် 1-888-333-WUTC (9882) သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် အွန်လိုင်းတွင် နံနက် 8 နာရီ- ညနေ 5 နာရီအတွင်း တနင်္လာနေ့-သောကြာနေ့အထိ ချတ်လုပ်ပါ။ တယ်လီဖုန်း ဘာသာပြန်ဆိုရေး ဝန်ဆောင်မှုများကို ရနိုင်ပါသည်။

## Stay Home, Stay Healthy

မတ်လ 23 ရက်တွင် အုပ်ချုပ်ရေးမှူး Jay Inslee သည် Stay at Home, Stay Healthy အမိန့်ကို ထုတ်ပြန်ထားပြီး မေလ 1 ရက်တွင် အမိန့်ကို ရက်ထပ်တိုးခဲ့ကာ ပြန်လည်ဖွင့်ခြင်းအတွက် အဆင့်လေးဆင့် Safe Start Washington ပုံစံ ကို မိတ်ဆက်ခဲ့သည်။ ကောင်တီများသည် အဆင့်များကို သီးခြား ရွှေ့ပြောင်းနေသောကြောင့် ကုမ္ပဏီများသည် ၎င်းတို့ အလုပ်လုပ်သည့် ကောင်တီများမှာ မည်သည့်လမ်းညွှန်ချက်နှင့် သက်ဆိုင်ကြောင်းကို သိရန် လိုအပ်ပါသည်။

- သင့်လုပ်ငန်း၏ အခြေအနေကို ရှင်းလင်းသိနိုင်စေရန် သို့မဟုတ် သင့်လုပ်ငန်းကို မရှိမဖြစ်ဟု ယူဆစေရန်အတွက် မေတ္တာရပ်ခံရန် ဤဖောင်ကို တင်ပြပေးပါ (အင်္ဂလိပ်ဘာသာဖြင့်)။

# ရေမီးဘီလ် အထောက်အပံ့

အုပ်ချုပ်ရေးမှူး Inslee သည် စွမ်းအင်၊ ကြိုးဖုန်းနှင့် ရေပေးဝေရေး ကုမ္ပဏီအားလုံးအား ဇူလိုင်လ 28 ရက်အထိ ဝန်ဆောင်မှု ဖြတ်တောက်ခြင်း သို့မဟုတ် နောက်ကျကြေးများ ကောက်ခံခြင်း မပြုလုပ်ရန် တားမြစ်သည့် အမိန့်ကို ထုတ်ပြန်ခဲ့သည်။

- အသုံးပြုသူများ၏ ရေမီး ဘီလ်များ ပေးချေရာတွင် ကူညီမည့် ငွေကြေးထောက်ပံ့မှုများ ကုမ္ပဏီများတွင် ရှိပါသည်။
- သင်၏ ရေမီးဘီလ်များ ပေးဆောင်ရာတွင် အကူအညီ လိုအပ်ပါက သင့်ကုမ္ပဏီထံ ဆက်သွယ်ပါ သို့မဟုတ် ကော်မရှင်ထံ 1-888-333-WUTC (9882) မှတဆင့် နံနက် 8 နာရီ-ညနေ 5 နာရီအထိ တနင်္လာနေ့-သောကြာနေ့အတွင်း ဆက်သွယ်ပါ consumer@utc.wa.gov သို့ အချိန်မရွေး အီးမေးလ်ပေးပို့ပါ။
- အမိန့် သက်တမ်းကုန်သွားသည်နှင့် သင့်ဘီလ်များကို ပေးချေရပါဦးမည်၊ ထို့ကြောင့် သင်ယခုပေးနိုင်ပါက သင်ပေးသင့်ပါသည်။

## တရားဝင်ထိန်းသိမ်းရေး ကုမ္ပဏီများ

ယခုကာလအတွင်း မူဝါဒများနှင့် ကျင့်ထုံးများကို ညှိနှိုင်းနေသည့် UTC တရားဝင်ထိန်းညှိရေး ရေမီးနှင့် သွားလာရေး ကုမ္ပဏီများနှင့် ကျွန်ုပ်တို့ တိုက်ရိုက် လုပ်ကိုင်နေကြပါသည်။

## သွားလာရေး ကုမ္ပဏီများအတွက် အချက်အလက်

### Pipeline and Hazardous Materials Safety Administration (PHMSA)

PHMSA သည် ကန့်သတ် ဝန်ထမ်းနှင့် ကုန်ခန်းလာသော ရင်းမြစ်များကို ထည့်တွက်၍ ဆောင်ရွက်သူ အရည်အချင်း ပြောင်းလဲမှုများ (အင်္ဂလိပ်လိုသာ) ကို ယာယီ ခွင့်ပြုခဲ့သည်။

- ဆေးဝါး စစ်ဆေးမှု သတ်မှတ်ချက်များနှင့် ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု၊
- ဆောင်ရွက်သူ အရည်အချင်း ပြဋ္ဌာန်းမှုနှင့် ဝန်ဆောင်မှုပေးချိန်အပြင် အထူးသီးသန့် လေ့ကျင့်ရေး သတ်မှတ်ချက်များ ကဲ့သို့သော ထိန်းချုပ်ခန်း စီမံခန့်ခွဲရေး သတ်မှတ်ချက်များကို ဆိုင်းငံ့ထားသည်။

### Federal Railroad Association (FRA)

- FRA သည် လုပ်ငန်းခွင် ပြတ်လပ်မှု ဖြစ်ပေါ်ပါက အချို့သော ဘေးကင်းရေး သတ်မှတ်ချက်များ (အင်္ဂလိပ်လိုသာ) ပြဋ္ဌာန်းမှုကို ရပ်တန့်ပေးရမည်ဖြစ်ကြောင်း အရေးပေါ် လျှော့ပေါ့ပေးမှုကို ထုတ်ပြန်ထားသည်။
- UTC သည် ၎င်း၏ အာဏာအပ်နှင်းထားသော ပြဋ္ဌာန်းရေး အာဏာကို အသုံးပြုချိန်တွင် ဤလျှော့ပေါ့ပေးမှုကို လိုက်နာပါမည်။

### အိမ်ထောင်စု ကုန်ပစ္စည်းများ ရွှေ့ပြောင်းပေးသူများ

- အိမ်ထောင်စု ကုန်ပစ္စည်းများ ရွှေ့ပြောင်းပေးသူများသည် အဝတ်စ မျက်နှာအကာများကို မဖြစ်မနေ ဝတ်ဆင်ရမည်။

- အဆင့်တစ်ရှိ ကောင်တီများတွင် ရွှေ့ပြောင်းပေးသူများသည် အပြီးသတ်ရှင်းနေသော အိမ်ခြံမြေ လွှဲပြောင်းမှု သို့မဟုတ် စိတ်မချရသော ပတ်ဝန်းကျင်မှ ထွက်ခွာနေသည့် အားနွဲ့သူကို ပံ့ပိုးသည့် ရွှေ့ပြောင်းမှုများကိုသာ ဆောင်ရွက်နိုင်သည်။
- အဆင့်နှစ်ရှိ ကောင်တီများတွင် ရွှေ့ပြောင်းပေးသူများသည် Department of Labor & Industries ထံမှ အလုပ်ရှင်ဘေးကင်းရေး သတ်မှတ်ချက်များ ပြည့်မီလျှင် လုပ်ဆောင်မှုအားလုံးကို ပြန်စနိုင်သည်။

### Federal Motor Carrier Safety Administration (FMSCA)

- ယာဉ်မောင်းများသည် ပစ္စည်းပို့ပြီးသည့်နောက် နားချိန် ရနေသရွေ့ အရေးပေါ် ကယ်ဆယ်ရေး (အစား အသောက်၊ ဆေးဝါးပစ္စည်းများနှင့် တစ်ကိုယ်ရေ အကာအကွယ် ကိရိယာ ကဲ့သို့) ဆောင်ရွက်ပေးနေစဉ် လုပ်ငန်းသုံး မော်တော်ယာဉ်များအတွက် ဝန်ဆောင်မှုပေးချိန်များ ယာယီလျှော့ပေါ့ပေးရေး သတ်မှတ်ချက်များကို FMSCA က အတည်ပြုထားသည်။
- FMSCA သည် ဤကြေညာချက်နှင့် ပတ်သက်၍ မေးလေ့ရှိသည့် မေးခွန်းများ [၎င်းတို့၏ ဝဘ်ဆိုက်တွင်](#) (အင်္ဂလိပ်လိုသာ) ထုတ်ပြန်ခဲ့သည်။
- FMCSA သည် ကိုရိုနာဗိုင်းရပ်စ် (COVID-19) [အချက်အလက် စာမျက်နှာ](#) (အင်္ဂလိပ်လိုသာ) ကို ဖန်တီး ခဲ့သည်။

### Department of Licensing (DOL)

- Department of Licensing သည် ယာဉ်မောင်းလိုင်စင် သက်တမ်းကုန်ဆုံးရက်များကို ရက် 30 အထိ ယာယီ သက်တမ်းတိုးပေးထားသည်။
- FMSCA လမ်းညွှန်ချက်များနှင့်အညီ DOL သည် မတ်လ 30 ရက်တွင် သို့မဟုတ် ယင်းနောက်ပိုင်းတွင် သက်တမ်းကုန်ဆုံးမည့် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်များ (CDL) နှင့် လုပ်ငန်းသုံး ယာဉ်မောင်းခွင့်များ (CDP) ကို စက်တင်ဘာလ 30 ရက်အထိ သက်တမ်းတိုးပေးနေပါသည်။
- လုပ်ငန်းသုံးယာဉ်မောင်းများသည် ၎င်းတို့၏ လိုင်စင် သို့မဟုတ် ပါမစ် သက်တမ်းကုန်ဆုံးရက်မှာ မတ်လ 30 ရက်တွင် သို့မဟုတ် ယင်းနောက်ပိုင်းတွင် ဖြစ်ခဲ့သည်ကို ပြသရန် သက်တမ်းကုန်ဆုံးပြီးသော ဆေးဘက်ဆိုင်ရာ အသိအမှတ်ပြုစာ မိတ္တူတစ်စောင်ကို ယူဆောင်လာရမည်။

# လူအများပါသော အစည်းအဝေးများ၊ ကြားနာစစ်ဆေးမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ကျွန်ုပ်တို့သည် လူအများပါသော အစည်းအဝေးများ၊ ကြားနာစစ်ဆေးမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ဖုန်း သို့မဟုတ် အွန်လိုင်းဖြင့် ကျင်းပလျက်ရှိသည် ။ ကော်မရှင်ပွဲတွင် သင်ပါဝင်ရန် စီစဉ်နေပါက အသေးစိတ်များ အတွက် ပြက္ခဒိန် ကို စစ်ထားကြောင်း သေချာပါစေ။

## ရင်းမြစ်များ

- ဝါရှင်တန် ပြည်နယ်၏ တရားဝင် COVID-19 ဆိုက် (စပိန်၊ ရုရှား၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ပန်ဂျာဘီ၊ ဆိုမာလီ၊ ယူကရိန်း)။
- ကျန်းမာရေးဌာန နိုဗယ် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှု 2019 ဝဘ်ဆိုက် (အမေရိကန် သင်္ကေတ ဘာသာစကား (ASL )၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ပန်ဂျာဘီ၊ ရုရှား၊ ဆိုမာလီ၊ စပိန်၊ ယူကရိန်း၊ ဗီယက်နမ်)။
- ဝါရှင်တန်တွင် ဖြစ်ပျက်နေသည်များ သို့မဟုတ် ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့ပုံနှင့် ပတ်သက်၍ မေးမြန်းလိုသည်များ ရှိပါက COVID-19 ဟော့လိုင်း 1-800-525-0127 သို့ ဖုန်းခေါ်ဆိုပါ။ ဖုန်းလိုင်းများကို နံနက် 6 နာရီမှ ည 10 နာရီအထိ နေ့စဉ် ခေါ်ဆိုနိုင်ပါသည်။
- အခြား ပြည်နယ်တွင် မည်သည့် လမ်းညွှန်ချက် ရေမီး ကော်မရှင်များကို ထုတ်ပြန်ထားကြောင်း သိနိုင်ရန် NARUC ပြည်နယ် တုံ့ပြန်ဆောင်ရွက်ရေး ခြေရာခံမှု (အင်္ဂလိပ်လိုသာ) ကို ဝင်ကြည့်ပါ။

## ဝင်သုံးခွင့်

ဤအချက်အလက်ကို တခြား ဖော်မတ်ဖြင့် အလိုရှိပါသလား။ 1-800-833-6384 သို့ ဖုန်းခေါ်ပါ သို့မဟုတ် ဝါရှင်တန် ရီလေး ဝန်ဆောင်မှုများမှတင့် စာတို တယ်လီတိုက် (TTY) အတွက် 711 ကို နှိပ်၍ခေါ်ပါ။

UTC သည် ဘာသာစကားများစွာဖြင့် သင့်အား ကူညီပေးနိုင်ပါသည်။ 1-888-333-9882 သို့ နံနက် 8 နာရီ-ညနေ 5 နာရီ၊ တနင်္လာ-သောကြာအတွင်း ဖုန်းခေါ်ဆိုပြီး စကားပြန် တောင်းဆိုပါ။